အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၄) ရက်

"စီးပွားရေးသုံးသပ်ချက်စာတမ်း"

မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေကို ဆန်းစစ်ပါက လွန်စွာဆိုးဝါးလျက် ရှိပါသည်။ နိုင်ငံတော်၏ ဓနဥစ္စာ ခွဲဝေမှု မမျှတမှုကြောင့် လူအများစုမှာ အခြေခံစားကုန်ဈေးနှုန်းများ မြင့်တက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးခြင်း၊ အလုပ်လက်မဲ့ဦးရေ တိုးပွားခြင်း၊ စသည့်ဆင်းရဲဒုက္ခများကို ကြုံတွေ့နေရပါသည်။

စားကုန်ဈေးနှုန်း မြင့်တက်ခြင်း၏ အဓိကအကြောင်းရင်းမှာ အစိုးရ၏အသုံးစရိတ်များအတွက် လိုအပ်ငွေများကို ငွေစက္ကူအသစ်များ အမြောက်အမြား ရိုက်နှိပ်ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ပြည်တွင်းလည်ပတ်သုံးစွဲငွေမှာ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလတွင် ကျပ်ကုဋေ (၁၈၀၀)ခန့်သာ ရှိခဲ့ရာမှ ၂၀၀၉ခုနှစ် ဒီဇင်ဘာလတွင် ကျပ်ကုဋေ (၄၂၉၉၈) ကျပ်ကုဋေ(၄)သိန်းကျော်အထိ* များပြားလာခဲ့ပါသည်။

လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးသည်ဆိုသော်လည်း အခွင့်ထူးခံအသိုင်းအဝိုင်းကို စီးပွားရေးအခွင့်အလမ်းများ ပေးအပ်ခြင်းကြောင့် ပုဂ္ဂလိကလက်ဝါးကြီးအုပ်စနစ်ကိုသာ ကြီးထွားစေခဲ့ပါသည်။ ထို့အပြင် တောင်သူလယ်သမားများ၏ လယ်ယာမြေများကို မတန်တဆဈေးနှိမ်၍ အတင်းအဓမ္မ ဝယ်ယူခြင်းများကြောင့် အများစုဖြစ်သော တောင်သူလယ်သမားများ၏ လုပ်ငန်းများကို ထိခိုက်စေပါသည်။ ရေရှည်အမြင်မြင့် သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူများအရေး ထည့်သွင်း မစဉ်းစားဘဲ ဆည်၊ မြောင်း၊ တာတမံများ၊ မြစ်ကူးတံတားများ၊ လွန်ကဲစွာတည်ဆောက်နေခြင်းမှာ စိုက်ပျိုးမြေများကို အကြီးအကျယ် ထိခိုက်စေပါသည်။ တောင်သူလယ်သမားများအတွက် ရာသီဥတု၊ ရေ၊ မြေ သဘာဝအနေအထားပေါ်မူတည်၍ စိုက်ပျိုးခွင့်ပြုသင့်ပါလျက် အတင်းအဓမ္မ နွေစပါးစိုက်ပျိုးခိုင်းခြင်းကြောင့် ကုန်ကျစရိတ်ပင် မကာမိဘဲ အရှုံးပေါ်ခြင်းမျိုးပင် ရှိနေပါသည်။

ရင်းနှီးမြှုပ်နှံမှုတွင်လည်း၊ လက်တွေ့တွင် အမြော်အမြင်နည်းပြီး ရေရှည်အမြင်ထက် ရေတို အကျိုးအမြတ်ကိုသာ ဦးစားပေးဆောင်ရွက်မှုခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပေါ်ပေါက်မှုကို အထောက်အကူ မပြုခြင်း ရှိနေပါသည်။

နိုင်ငံတော်၏ ကျန်းမာရေးနှင့် ပညာရေးအတွက် ကုန်ခံသုံးစွဲမှုများမှာ နှစ်စဉ်လွန်စွာနည်းပါးလျက် ရှိပါသည်။ ပညာရေးအသုံးစရိတ်မှာ ဂျီဒီပီ၊ တိုင်းပြည်ထုတ်ကုန်တန်ဖိုး၏ (၁) ရာခိုင်နှုန်းခန့်သာ ရှိပြီး၊ ကျန်းမာရေး အသုံးစရိတ်မှာ (၀.၅)ရာခိုင်နှုန်းခန့်သာ ရှိသဖြင့် လူသားအရင်းအနှီး ဖွံ့ဖြိုးမှု နိမ့်ကျခဲ့ပြီး လိုအပ်သော ကျွမ်းကျင် လုပ်သားများ မရှိဘဲ လုပ်အား အပေါသိုက် ဖြစ်နေပါသည်။ ၎င်းပြင် နိုင်ငံတော်၏အဓိက စီးပွားရေးလုပ်ငန်း များမှာ ရာသီအလိုက် လုပ်အားလိုအပ်သည့်လုပ်ငန်းများ (ဥပမာ-လယ်ယာနှင့် ရေလုပ်ငန်း၊ ဆိုးသွားလုပ်ငန်း) ဖြစ်နေသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း တည်ငြိမ်မှု မရှိခြင်း၊ အရင်းအမြစ် အခက်အခဲကြောင့် အသေးစား အလတ်စားလုပ်ငန်းများ၊ ဖွံ့ဖြိုးမှု မရှိ၍ အလုပ်အကိုင်အခွင့်အလမ်းများ၊ နည်းပါးခြင်းတို့ ဖြစ်နေပါသည်။

ဘတ်ဂျက်လိုငွေ လျှော့ချထိန်းသိမ်းရန် လိုငွေပမာဏကို ငွေစက္ကူအသစ်များ ရိုက်နှိပ်သုံးစွဲခြင်း မလုပ်ဘဲ အစိုးရငွေချေးစာချုပ်များကို ပိုမို၍ ရောင်းချခြင်းစသည့်နည်းများဖြင့် ဖြေရှင်းရန် ဖြစ်ပါသည်။ ဘတ်ဂျက်လိုငွေ

လျော့ချထိန်းသိမ်းရန် ရသင့်ရထိုက်သည့်အခွန်အကောက်ကို အလေအလွင့်မရှိ ကောက်ခံရန်နှင့် အစိုးရအသုံးစရိတ်ကို ထိထိရောက်ရောက် စိစစ်သုံးစွဲရန် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရာတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေများ မထိခိုက်စေရန် ထည့်သွင်း၊ တွက်ချက်ခြင်း၊ အလုပ်သမားအခွင့်အရေးများကို လေးစားလိုက်နာခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်မှုများကို အလေးထားခြင်း၊ နည်းပညာမြင့်မားသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဦးစားပေးခြင်း စသည်တို့ကို မူဝါဒအဖြစ် ချမှတ်ထားရန် လိုအပ်ပါသည်။ စီးပွားရေးပိတ်ဆို့မှုများ၏ အကျိုးဆက်များကို သုံးသပ်ရန် လိုအပ်ကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အသိအမှတ်ပြုပြီး ဖြစ်ပါသည်။ အထက်ဖေါ်ပြပါမူများနှင့် ကိုက်ညီသော ရင်းနှီးမြှုပ်နှံမှုများကို အားပေးစေမည့် ပုံစံဖြစ်ပေါ်စေရန်ကို အဓိကထားပြီး ဤစီးပွားရေးပိတ်ဆို့မှုကိစ္စများအား ချဉ်းကပ် ကိုင်တွယ်မည် ဖြစ်ပါသည်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ရှေ့ဆောင်မှု တိုးမြှင့်ရေးအတွက် မှန်ကန်သောအတိုးနှုန်း ဖြစ်ပေါ်ရန် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ချေးငွေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပံ့ပိုးမှုများ၊ ကျွမ်းကျင်မှုနှင့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်သင်တန်းများ လိုအပ်ပါသည်။

လူသားအရင်းအမြစ် တိုးတက်စေရန်အတွက် ကျန်းမာရေးနှင့် ပညာရေးအသုံးစရိတ်များကို တိုးမြှင့်သုံးစွဲရန် မူဝါဒကကျွမှုလည်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းတွင် ဝင်ရောက် ရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် ဆွဲဆောင်တွန်းအားပေးရန် ဖြစ်ပါသည်။ တစ်ဘက်မှလည်း၊ အမြတ်အစွန်းအဓိက မထားသော လူမှု စီးပွားရေး လုပ်ငန်းများ (အခြေခံကျန်းမာ ရေး စောင့်ရှောက်မှုလုပ်ငန်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် - renewable energy စသည်)တို့ကို ကူညီအားပေးရန် ဖြစ်ပါသည်။ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးနှင့် လူမှုရေး အထောက်အကူ လုပ်ငန်းများ၏ အသုံးစရိတ်ကို အခွန်သက်သာခွင့် ပေးရန်လည်း လိုအပ်ပါသည်။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ တည်ဆောက်မည်ဆိုလျှင် နိုင်ငံတော်တွင် တရားဥပဒေ စိုးမိုးရေး မှန်ကန်မြင်သာသော တာဝန်ခံသော အကျင့်ပျက် လာဘ်စားမှု ကင်းသော ထက်မြက်ထိရောက်သော မူတ၍ တစ်မျိုးသားလုံး ပါဝင်နိုင်သော အုပ်ချုပ်မှုယန္တရားတစ်ရပ် မရှိမဖြစ် လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုသည် နိုင်ငံရေးအခြေအနေပေါ် မူတည်ပါသည်။ စီးပွားရေးနှင့် နိုင်ငံရေးတို့မှာ ခွဲခြား၍ မရပါ။ စီးပွားရေး တိုးတက်ရန် မှန်ကန်သော နိုင်ငံရေးလမ်းစဉ် ရှိရပါမည်။ စီးပွားရေး လုပ်ပုံလုပ်နည်းမှန်လျှင် ပြည်သူလူထု ဆင်းရဲနွမ်းပါးမှုပြဿနာလည်း၊ လျော့ကျသွားနိုင်ပါသည်။

ထို့ကြောင့် စီးပွားရေး ဦးတည်ချက်အနေဖြင့် တိုင်းရင်းသားစေ့စည်းညီညွတ်ရေးမှသည် တစ်မျိုးသားလုံး စေ့စည်းညီညွတ်ရေးသို့ ရှေးရှုရန် ဖြစ်ပါသည်။ နည်းလမ်းအနေဖြင့် (၁) လူမျိုးအားလုံး၊ ခွင့်တူညီမှု အလုပ်လုပ်နိုင်မှုနှင့် အခွင့်အလမ်းများ ရရှိစေပြီး ဝင်ငွေအဆင့်အတန်း မြင့်မားကာ ဆင်းရဲနွမ်းပါးမှု လျော့နည်းပပျောက်စေ၊ (၂) ဒေသအလိုက်နှင့် လူမျိုးများအကြား တည်ရှိနေသည့် လူမှုစီးပွားရေး မညီမျှမှုများ လျော့နည်းစေရေးတို့ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃-၁-၂၀၁၁နေ့တွင် ပြုလုပ်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ရန်ကုန်မြို့

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၁။ IFS. 2010 March (IMF Publication)

၂။ IMF. Country Report (2009)